ကိုရိုနာဗိုင်းရပ်စ်ခံစားနေရသောလူနာများနှင့်ပြုစုစောင့်ရှောက်နေသူများအားအင်ဒူဂျင်းသျှာခံစားခွင့်ပေး

ဗာတီကန်၏အပြစ်ဒဏ်ဆပ်ဖြေခြင်းဆိုင်ရာရုံးတော်မှ (၂၀၂၀၊ မတ်လ၊ ၂၀)
ရက်နေ့စွဲဖြင့်ကြေငြာစာတစ်စောင် ထုတ်ပြန်ခဲ့သည်။
ကြေငြာစာသည်ဖော်ပြပါအခြေအနေမျိုး၌ရှိနေသောကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခံစားနေရသည့်လူနာများနှင့်ထိုကူးစက်ခံလူနာများကိုပြုစုစောင့်ရှောက်နေကြသောကျန်းမာရေးဝန်ထမ်းများ၊
မိသားစုဝင်များအတွက်အကျုံးဝင်ပါသည်။

ဤကြေငြာချက်ကိုထုတ်ပြန်ရခြင်းမှာဘာသာတူများ၏ဝိညာဉ်ရေး၊
စက္ကရာမင်းတူခံယူခြင်းနှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစားပေးရန်ဖြစ်သည်။
အဘယ်ကြောင့်ဆိုသော်ဤကူးစက် ရောဂါဆိုးကြီးသည်အစိုးမရနိုင်သောအခြေအနေအထိဖြစ်လာပြီး၊
ကာယပိုင်းသာမဟုတ်ဘဲ၊ စိတ်ဓာတ်ပိုင်း၊ သီလပိုင်းလည်းထိခိုက်မှုများဖြစ်လာနေသည်။

ဤကြေငြာချက်ကိုကာဒီနယ် Mauro Piacenza မှလက်မှတ်ရေးထိုးခဲ့သည်။
သူသည်ဝိညာဉ်ရေးဆိုင်ရာအပြစ်ဒဏ်ဖြေခြင်းရုံးတော်၏တာဝန်ရှိသူဖြစ်သည်။
ထို့အတူကာဒီနယ်နှင့်ပူတွဲအမှုတော်ထမ်းဆောင်သောဖာသာရ် Krzysztof Nykiel
လည်းလက်မှတ်ရေးထိုးခဲ့သည်။
စုံလင်သောအပြစ်ဒဏ်ခွင့်လွှတ်ခြင်းအထူးအခွင့်အရေးများကိုခံစားနိုင်သူများမှာမိမိတို့နိုင်ငံ၏ကျန်းမာရေးဝန်
ကြီးဌာနကသတ်မှတ်ထားသည့်အတိုင်းရောဂါကူးစက်ခံရမှုရှိမရှိစောင့်ကြည့်ခံကာလအတွင်းရှိနေသောလူနာများ၊ ဆေး ရုံ၌ဖြစ်စေ၊ မိမိတို့နေအိမ်၌ဖြစ်စေနေ၍
ကုသမှုစောင့်ကြပ်မှုကိုခံယူနေသောသူများဖြစ်စေ၊
၎င်းတို့၏စိတ်ထဲမှကျူးလွန်ခဲ့မိသောအပြစ်များအတွက်စုံလင်သောနောင်တယူကာ
ကိုယ်တိုင်ကိုယ်ကျအာပတ်ဖြေလျှောက်ခြင်း၊ ဘုရားကျောင်းတက် ရောက်၍မစ္ဆားတရားများ၊
ယေဇူးသခင်၏ကားတိုင်တော်လမ်းလျှောက်ခြင်း၊ စိပ်ပုတီးစိပ်ခြင်းများကိုမပြုလုပ်နိုင်သော် လည်း၊
ရုပ်မြင်သံကြား၊
လူမှုကွန်ရက်များမှာထုတ်လွှင့်ပေးနေသောထိုဝိညာဉ်ရေးအစီအစဉ်များကိုလေးနက်စွာကြည်ညိုစိတ်ဖြင့်စောင့်ကြည့်ပါကထိုကောင်းကြီးကိုခံစားရသည်။

ထို့အတူကူးစက်ရောဂါခံစားနေရသောသူများ၏ဝိညာဉ်
ရေးအတွက်တွေးဆ၍အမြန်သက်သာပျောက်ကင်းလာရန်၊
ထို့နောက်ဖြည့်ဆည်းရမည့်ဘာသာရေးဝတ္တရားများကိုကျန်းမာစွာဖြင့်ပုံမှန်ဖြည့်ဆည်းနိုင်ရန်ရည်ရွယ်ပြီးယုံကြည်ခြင်းအချုပ်၊ ကောင်းကင်ဘုံမေတ္တာ၊ ဂုဏ်ကျေးဇူးတော်မေတ္တာနှင့်
အခြားသောမယ်တော့်အားဂုဏ်ပြုသည့်ကြည်ညိုခြင်းတစ်မျိုးမျိုးကိုပြုလုပ်ဆုတောင်းပေးသူများလည်း
ဤအပြစ်ဒဏ် ခွင့်လွှတ်ခြင်းကောင်းကြီးကိုခံစားရသည်။

ဤဝိညာဉ်ရေးအခွင့်အရေးထူးကို
ဤရောဂါကူးစက်ခံထားရသောလူနာများအားပြုစုစောင့်ရှောက်ပေးနေ သောကျန်းမာရေးဝန်ထမ်းများ၊
လူနာများနှင့်နီးနီးကပ်ကပ်ထိတွေ့ရသူများ၊ ကျန်းမာရေးဝန်ထမ်း၊ မိသားစုဝင်များမ ဟုတ်သော်လည်း၊
ပရဟိတသမားများလည်းအကျုံးဝင်ပါသည်။

ဤကူးစက်ရောဂါအမြန်ဆုံးပပျောက်စေရန်ရည်ရွယ်ချက်ထားရှိပြီး၊ ကိုယ်မြတ်ဖူးမြော်ခြင်း၊
ရဟန်းများမှဦးဆောင်၍ကိုယ် တော်မြတ်ကိုးကွယ်ခြင်းအခမ်းအနားများ၌ပါဝင်ဆုတောင်းပေးခြင်း၊
သမ္မာကျမ်းစာကိုတစ်နေ့လျှင်နာရီ ဝက်ကြာဖတ်ရှုပူဇော်ခြင်း၊ စိပ်ပုတီးစိပ်ခြင်း၊
ယေဇူးသခင်၏ခရူးစူးကားတိုင်လမ်းလျှောက်ခြင်း၊ ကရုဏာရှင်ယေဇူးဆု
တောင်းမေတ္တာကိုရွတ်ဆိုပူဇော်ပေးခြင်းများကိုပြုလုပ်သောဘာသာတူများလည်းထိုအကျိုးကျေးဇူးကို
ခံစားရပါသည်။

ကြေငြာချက်ထဲ၌အဆိုပါကူးစက်ရောဂါစွဲကပ်ခံစားနေရသူများအနေဖြင့်မိမိတို့၏အပြစ်များကိုအမှန်တကယ်ရဟန်းတစ်ပါးပါးအားလျှောက်တင်လို၍ တောင်း ခံလာလျှင်လုပ်ဆောင်နိုင်ရန်အတွက်လည်း
လိုအပ်သောလမ်းညွှန်ချက်အ
သေးစိပ်ကိုဖတ်ရှုလုပ်ဆောင်ရန်ကွန်ရက်တစ်ခုကိုလည်းထည့်သွင်းထားပါသည်။
ထိုလိုအပ်ချက်များအားလုံးကိုတိကျစွာ ဖြည့်ဆည်းဆောင်ရွက်နိုင်မှသာဖော်ဆောင်ရမည်ဖြစ်သည်။

ထိုအခြေအနေမှာသေဝနီးပါးအခြေအနေသို့ရောက်ရှိနေသူ များ၊
သို့မဟုတ်ထိုအပြစ်ခွင့်လွှတ်ခြင်းကိုအထူးလိုအပ်နေသူများအတွက်သာဖြစ်ပါသည်။
(အသေးစိပ်ကိုသက်ဆိုင်ရာဆရာတော်များ၊ ဘုန်းတော်ကြီးများမှထပ်လောင်းရှင်းပြမည်။)

သို့မဟုတ်လျှင်ရောဂါစွဲကပ်ခံစားနေရသော်လည်း
အသက်ဘေးနှင့်မနီးသောသူများမှာအခြေအနေပေးလာသည့်အခါပုံမှန်အာပတ်ဖြေခြင်းကိုပြန်လည်ပြု
လုပ်ရမည်ဖြစ်သည်။

အထက်ကဆိုခဲ့သောအပြစ်ခွင့်လွှတ်ခြင်းကောင်းကြီးမျိုးကိုပေးရန်မလိုအပ်သည်ကိုထိုအမှုတော်ဆော
င်ရဟန်းကတွေ့ရှိလျှင်ထိုသို့ပြုရန်မလိုအပ်ကြောင်း
သာသနာပိုင်ဆရာတော်ထံချက်ချင်းအကြောင်းပြန်ကြားရမည်။ သာသနာ
ပိုင်ဆရာတော်များကလည်းရောဂါ၏ အခြေအနေအပြင်းအပျော့ကိုပြန်လည်သုံးသပ်ပြီးနောက်၊
မိမိတို့၏သာသနာပိုင် နယ်အတွင်း၌လိုအပ်သလိုလမ်းညွှန်ဆောင်ရွက်ရမည်ဖြစ်သည်။

ဤသို့ပြုလုပ်ရခြင်းမှာအာပတ်ဖြေခြင်းစက္ကရာမင်းတူ၏
သန့်ရှင်းလေးနက်ခြင်းနှင့်အနစ်သာရများကိုအလွဲသုံးစားပြုခြင်းမှာကြိုတင်ဟန့်တားနိုင်ရန်ဖြစ်သည်။

ကြေငြာချက်ထဲ၌ဆေးရုံများ၊
လူနာများ၏ဝိညာဉ်ရေးကိုပြုစုစောင့်ရှောက်ရန်သီးသန့်ဆက်ကပ်လိုသောအထူး
ဝိညာဉ်ရေးအမှုတော်ဆောင် (extraordinary hospital chaplains)
များကိုလည်းဖိတ်ခေါ်ခန့်အပ်ရန်အားပေးတိုက် တွန်းထားပါသည်။
ထိုအမှုတော်ဆောင်များသည်ကျန်းမာရေး ဝန်ကြီးဌာန၏လမ်းညွှန်ချက်အသေးစိပ်ကိုလိုက်နာလုပ်
ဆောင်ရမည်။
သို့မှသာလူနာများ၏ဝိညာဉ်ရေးကိုအနီးကပ်ထိရောက်စွာလုပ်ဆောင်ပေးနိုင်မည်ဖြစ်သည်။

ကက်သလစ်သာသနာတော်ကြီး၏ဘုရားစကားစာအုပ် (CCC)
၌အင်ဒူဂျင်းသျှာနှင့်ပတ်သက်၍အဓိပါယ်ဖွင့်ဆို ထားသည်မှာ အင်ဒူဂျင်းသျှား
(အပြစ်ဒဏ်ခွင့်လွှတ်ခြင်း)
သည်အပြစ်ခွင့်လွှတ်ခြင်းခံရပြီးသောမိမိ၏အပြစ်အတွက်ချမှတ်ထားသောအပြစ်ဒဏ်မှမည်သည့်အ
နှောင်အဖွဲ့မျှမရှိလွှတ်ငြိမ်းချမ်းသာခွင့်ရရှိခြင်းကိုခေါ်သည်။

အပြစ်ဒဏ်ခွင့်လွှတ် ခြင်းနှစ်မျိုးရှိသည်။ စုံလင်သောအပြစ်ဒဏ်ခွင့်လွှတ်ခြင်း (Plenary)
နှင့်မစုံလင်သောအပြစ်ဒဏ်ခွင့်လွှတ်ခြင်း (Partial) ဟူ၍ဖြစ်ပါသည်။

ပထမအမျိုးအစားသည်လောကအသက်တာကုန်ဆုံးသောအခါ၌ အပြစ်ဒဏ်ဆပ်ဖြေရန်မလိုတော့သည့် ဝိညာဉ်ရေးအခြေအနေကိုပေးပြီး၊
ဒုတိယအမျိုးအစားမှာအချိန်ကာလတစ်ခုအထိဆပ်ဖြေရမည်ဖြစ်သည်။ ထို့ကြောင့်
အပြစ်ဖြေလျှောက်ပြီးနောက်မိမိတို့၏အပြစ်ဒဏ်အတွက်ရဟန်းတော်မှချပေးသောအပြစ်ဒဏ်များအပြင်မိမိကိုယ်တိုင်
လည်းထပ်လောင်း၍ဆပ်ဖြေခြင်းကိုကောင်းစွာပြုလုပ်ခြင်းဖြင့်ကွယ်လွန်ပြီးနောက်အပြစ်ဒဏ်ဆပ်ဖြေရန်နည်းနိုင်သမျှ နည်းအောင်ဆပ်ဖြေထားသင့်လှပါသည်။

ဘာသာပြန် ဖာသာရ်ကလဲမင့်အားတယ်